## တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ (၈-၆-၂၀၂၆)
## မေးမြန်းခဲ့သော မေးခွန်းများနှင့် ဖြေကြားချက် အကျဉ်းချုပ်

| စဉ် | မေးခွန်း | အဖြေ |
| --- | --- | --- |
| ၁။ | **ဦးလှဆွေ၊ ပုဗ္ဗသီရိမဲဆန္ဒနယ်က** PUBLIC PRIVATE PARTNERSHIP (PPP) ဥပဒေအား ရေးဆွဲပြဋ္ဌာန်းနိုင်ရေး အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနက** အစိုးရပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ညွှန်ကြားချက် (Notification of PPP) ကို ရေးဆွဲပြီး ဥပဒေရေးရာဝန်ကြီးဌာနသို့ သဘောထား တင်ပြတောင်းခံထားပါကြောင်းနှင့် ညွှန်ကြားချက်ထုတ်ပြန်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားပါသည်။ |
| ၂။ | **ဦးစိုင်းဆမ်၊ မိုင်းယန်းမဲဆန္ဒနယ်က** မိုင်းယန်းမြို့အတွက် မဟာဓာတ်အားလိုင်းခွဲစက်ရုံကို လာမည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်း အစီအစဉ် ရှိ၊ မရှိနှင့် ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိလိုကြောင်း မေးမြန်းပါသည်။ | **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက** ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ဓာတ်အားလိုင်း မြေပြင်ကွင်းဆင်းတိုင်းတာခြင်းလုပ်ငန်း (Survey) အား စတင်လျာထား ဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်မှစတင်၍ ပြည်ထောင်စုရန်ပုံငွေ ခွင့်ပြုရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၃။ | **ဦးကျော်ငြိမ်းအောင်၊ တာချီလိတ်မဲဆန္ဒနယ်က** နိုင်ငံတော်အစိုးရနှင့် တာချီလိတ်မြို့ မီးလင်းရေးဦးဆောင်ကော်မတီတို့အကြား မီတာခနှင့် မီတာနှုန်းထားများကို သိလိုပါကြောင်းနှင့် သတ်မှတ်နှုန်းအတိုင်း ရောင်းချပေးခြင်းမရှိခဲ့ပါက မည်သို့ကြပ်မတ် အရေးယူဆောင်ရွက်သွားမည်ကို မေးမြန်းပါသည်။ | **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက** တာချီလိတ်မြို့ မီးလင်းရေးကော်မတီအနေဖြင့် ၂၀၂၆ ခုနှစ်၊ ဧပြီ၊ မေ၊ ဇွန် ၃ လအတွက် တစ်ယူနစ်လျှင် ၀.၁ ဘတ်နှုန်းလျှော့ချ၍ အိမ်သုံးတစ်ယူနစ်လျှင် ၅.၇ ဘတ်နှုန်း၊ လုပ်ငန်းသုံး တစ်ယူနစ်လျှင် ၇.၁ ဘတ်နှုန်းဖြင့် ပြောင်းလဲကောက်ခံသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၄။ | **ဦးသိန်းထွန်းဦး၊ အမရပူရမဲဆန္ဒနယ်က** ဆုံးရှုံးနစ်နာခဲ့ရသည့် ငလျင်ဘေးဒဏ်သင့် ပြည်သူများစာရင်း မကျန်ရှိစေရေးအတွက် ထပ်တိုးစာရင်းများ ကောက်ခံပြီး နိုင်ငံတော်မှ ကူညီထောက်ပံ့ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ပါရန်နှင့် ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်အချိန် ဆောင်ရွက်ပေးမည်ကို မေးမြန်းပါသည်။ | **ပြည်ထဲရေးဝန်ကြီးဌာနက** မန္တလေးငလျင်ဘေးဒဏ်သင့် မြို့နယ်များတွင် ထပ်တိုးစာရင်းများကောက်ယူရန် ညွှန်ကြားချက်ရရှိပါကစနစ်တကျ ပြန်လည်စိစစ်ကာ ပြည်သူ့ကိုယ်စားလှယ်များနှင့် ပူးပေါင်း၍ စာရင်းကောက်ယူပြီး ထောက်ပံ့သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၅။ | **ဦးဝင်းမြင့်၊ တွံတေးမဲဆန္ဒနယ်က** တွံတေးမြို့နယ်ရှိ ပယ်ဖျက်ရန်ကျန်ရှိနေသော စားကျက်မြေ (၂၆၈၁) ဧကအား စားကျက်မြေအဖြစ်မှ ပယ်ဖျက်ပေးနိုင်ခြင်း အစီအစဉ် ရှိ၊ မရှိအား သိလိုကြောင်း မေးမြန်းပါသည်။ | **ပြည်ထဲရေးဝန်ကြီးဌာနက** နိုင်ငံတော်စီမံကိန်းနှင့် အများပြည်သူအကျိုးအတွက် ဆောင်ရွက်ပေးရန် လိုအပ်သည့်လုပ်ငန်းများ အသုံးပြုနိုင်ရန် စားကျက်မြေများ ပယ်ဖျက်ရေးကိုလည်း သက်ဆိုင်ရာ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့တို့၏ စိစစ်တင်ပြမှုများကို နိုင်ငံတော်သမ္မတရုံးမှ မူအားဖြင့် ခွင့်ပြုပေးမှုအပေါ် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားပါသည်။ |